စာရွက်စာတမ်း (၁) <တစ်ဖက်စကားပြောအမျိုးအစား၏ နားထောင်မှုနားလည်နိုင်စွမ်းကို စစ်ဆေးသည့်အခါ>

# ပူးပေါင်းဆောင်ရွက်သူများအတွက်

●စစ်ဆေးခြင်း ရည်ရွယ်ချက်

ဤစစ်တမ်း၏ ရည်ရွယ်ချက်မှာ ပါဝင်သူများ၏ ဂျပန်ဘာသာဖြင့်စကားပြောသည်ကို နားထောင်နေစဉ်နားလည်မှု အကြောင်းအရာကို မိခင်ဘာသာဖြင့်စကားပြောဆိုပြီး မှတ်တမ်းတင်ရန်ဖြစ်ပါသည်။ ပါဝင်သူများ၏ နားထောင်ခြင်း စွမ်းရည်ကို တိုင်းတာခြင်းမဟုတ်ပါ။

ဤစစ်တမ်းသည် ◌ု နားထောင်ခြင်း စကားစု ပြုလုပ်ရန် အတွက် အစီအစဉ်ကို (ခေါင်းဆောင် Noda Hisashi) မှ အစအဆုံး လုပ်ဆောင်ပါမည်။

●စစ်ဆေးမှုမတိုင်မှီပြင်ဆင်မှု

ဂျပန်ဘာသာဖြင့် နားထောင်ချင်သောအရာနှင့် နားထောင်ရန် လိုအပ်သောအရာကို ရွေးချယ်ပါ။ စစ်တမ်းထဲမှာ ၎င်းကို နားထောင်ရန် ဖြစ်ပါသည်။ နားထောင်ရန်အတွက် ဂျပန်ဘာသာသင်ထောက်ကူပစ္စည်းများကို မရွေးချယ်ရပါ။

တတ်နိုင်သမျှ နားထောင်မည့်အရာသည် အခမဲ့မူပိုင်ခွင့်အရာနှင့် ဝက်ဘ်ဆိုဒ်တွင်အချိန်ကြာရှည်စွာ ကြည့်နိုင်သောအရာကို ရွေးချယ်ပါ။

မည်သည့်အရာကို နားထောင်ရမည်ကို ရွေးချယ်သည့်အခါ ဒေတာစုဆောင်းသူနှင့် တိုင်ပင်ပါ။

ဥပမာအားဖြင့် အောက်ပါကဲ့သို့သော နားထောင်မည့်အရာများထဲမှ ရွေးချယ်ပါ။

စားသောက်ဆိုင်များနှင့် လက်လီအရောင်းဆိုင်များမှ ဝန်ထမ်းများပြောဆိုကြသည့် အကြောင်းအရာ

သယ်ယူပို့ဆောင်ရေးနှင့် အဆောက်အဦးများ၏ လမ်းညွှန်ရန်အသံလွှင့်သည့် အကြောင်းအရာ

ဟောပြောပွဲနှင့် စကားပြောပွဲ

နားထောင်ချင်သောအရာကိုရွေးချယ်ပြီးနောက် ၎င်းကို ဒေတာစုဆောင်းသူထံ အီးမေးလ်ဖြင့်ပို့ပေးပါ။ သို့မဟုတ် ရွေးချယ်ထားသည့် အချက်အလက်ကို ဒေတာစုဆောင်းသူထံ အသိပေးပါ။ ထို့နောက် စစ်တမ်းကောက်ယူသည့်နေ့အထိ နားထောင်ချင်သောအရာကို နားထောင်ခြင်းမပြုရပါ။ စစ်တမ်းထဲမှာ ပထမဦးစွာ နားထောင်ခြင်းဖြစ်ရပါမည်။

ဒေတာစုဆောင်းသူမှ "စစ်တမ်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်" နှင့် "နောက်ကြောင်းရာဇဝင်မေးခွန်းလွှာ" စာရွက်စာတမ်းများကို ကြိုတင်ပို့ပေးပါမည်။ "စစ်တမ်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်" မှာ လက်မှတ်ထိုးပြီး "နောက်ကြောင်းရာဇဝင်မေးခွန်းလွှာ" မှာ လိုအပ်သည့် အချက်အလက်ကို ဖြည့်စွက်ထားပါ။

●စစ်ဆေးခြင်းအနှစ်ချုပ်

မိမိကိုယ်တိုင် ရွေးချယ်ထားသည့်အရာကို ပုံမှန်နားထောင်နေကျသည့်အတိုင်း စကားလုံးနှင့်ဝါကျ အဓိပ္ပာယ်ကို မည်ကဲ့သို့ နားလည်သဘောပေါက်မှုအကြောင်းကို မိခင်ဘာသာစကားဖြင့် ဖြည်းဖြည်းပြောဆိုပါ။

နားလည်သည့်အကြောင်းအရာများသာမက နားထောင်နေစဉ်မှာ ဦးနှောက်ထဲ၌ မည်ကဲ့သို့ စဉ်းစားနေသည်လည်းကိုပါ ပြောဆိုပါ။

ခန့်မှန်းချက်နှင့် နားမလည်သည့်အကြောင်း၊ ဆုံးဖြတ်ချက်ကိုမခွဲနိုင်သည့်အကြောင်း၊ အနက်အဓိပ္ပာယ် ခံယူချက်၏ ပြောင်းလဲမှုကိုလည်း အဖြစ်မှန်အတိုင်း ပြောပြပါ။

ဒေတာစုဆောင်းသူက စကားပြောဆိုခဲ့သည့်အကြောင်းအရာနှင့်ပါတ်သက်၍ မေးခွန်းများ မေးမည်ဖြစ်သောကြောင့် ဖြေကြားပေးပါ။ စစ်တမ်းမှာ စကားပြောဆိုခဲ့သည့် အကြောင်းအရာအားလုံးကို အသံသွင်းထားပါမည်။

●စစ်တမ်း၏နေ့၌ ယူလာရန်ပစ္စည်းများ

စစ်တမ်း၏နေ့၌ အောက်ပါတို့ကိုယူလာရပါမည်။

- လက်မှတ်ထိုးထားသည့် "စစ်တမ်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်"
- လိုအပ်သောအချက်အလက်ကိုဖြည့်ထားသည့် "နောက်ကြောင်းရာဇဝင်မေးခွန်းလွှာ"

●စစ်တမ်းကောက်ယူရန် တာဝန်ရှိသူကို ဆက်သွယ်ရန်အချက်အလက်

နားထောင်ခြင်း စကားစု စုံစမ်းစစ်ဆေးရေးမှူး
အီးမေးလ် nihongo.choukaichousa@gmail.com